# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၄၆)၊ ၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် ၊ ၁၁–၈–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန–၁ (MICC–1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့်ကျောင်းများအားဆုများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန–၁ သို့ ရောက်ရှိရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူ မောင်မယ်လေးများနှင့် ကျန်းမာရေးဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ သို့ ✰

## ရပ်စောက်မြို့နှင့် ကလောမြို့အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ကလောမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့တွင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဇော်ဂျီရပ်ကွက်၊ ဥတ္တံ့တားရပ်ကွက်နှင့် ကလောမြို့ ကလောချောင်းရေ ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် အမှတ်(၂/၃/၄) ရပ်ကွက်များ အတွင်း အနိမ့်ပိုင်းနေအိမ်များ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ယင်းရပ်ကွက်အတွင်းမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ

စာမျက်နှာ ၃ သို့ ❖

## ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ် တပ်ဆင်စောင့်ကြည့်

### Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိ

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ် တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ETC စနစ်ကိုလည်း RFID (Radio Frequency Identification Device)ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ အသုံးပြုသူများအနေဖြင့်

စာမျက်နှာ ၃ သို့ ○



## MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ် ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ် ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၆) အစည်းအဝေးမှ သိရသည်။

စာမျက်နှာ ၃ သို့ ✪

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

# စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာသော နည်းလမ်း ၄ သွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျ ပြုပြင်ပေးရမည်၊ စိုက်ပျိုးရေနှင့်အောင်ရေများ ရရှိစေရေးရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို မည်ကဲ့သို့အကျိုးရှိအောင်ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့်ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်းစနစ်များကို ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ ရောက်ရှိရာ၌ ထည့်သွင်းမှာကြားသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကို အဓိကမွေးမြူလျက်ရှိသည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မိမိတို့ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့် ရေချိုဟူ၍နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင် ရေငန်နှင့် ရေချိုငါးများကို မည်ကဲ့သို့ မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက်အပါအဝင် အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကို သင်ကြားပေးရန်လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့များကို အဓိက သင်ကြားပေးရန်လိုကြောင်း၊ နောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ အဆိုပါနည်းလမ်းများနှင့်ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးစနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးရန်လိုအပ်မည်ဖြစ်သည်။ ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသား လိုက်ရပေသည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဩဂုတ် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ တုံလောကျေးရွာအုပ်စု၊ တုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ တုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်(၅၅ ဒသမ ၁) သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တုံလောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၄၇ ဦးအား ငွေကျပ်(၄၆ ဒသမ ၅) သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားသုံးဦးအား ငွေကျပ်(၄ ဒသမ ၆) သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသားငါးဦးအားလေးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ငွေကျပ် (၅၅ ဒသမ ၁)သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အောင်ရဲကျော်)**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို ယနေ့ နံနက် ၁၀း၀၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၉) ရပ်ဖြင့် ကျင်းပခဲ့ရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ (၁၀၀)ဦး စုစုပေါင်း (၁၆၉)ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၂၀)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူတင်သွင်းခဲ့သည့် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးနှစ်အလိုက် ပိုလျှံငွေများကို ဖြည့်စွက်ရန်ပုံငွေအဖြစ် အသုံးပြုရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေရရှိမှုနည်းသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအား တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ အထောက်အပံ့ပေးရေး" အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ကြီးက အဆိုကို သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။




မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့)ကို ဩဂုတ် ၁၁ ရက်၊ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၄-၈-၂၀၂၆)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ကလောင်အမည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက် ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် လျှင်ဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချပေးနိုင်ရေး နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်း ကမ်းလွန်လုပ်ကွက်အမှတ် M-15 စီမံကိန်း ဆောင်ရွက်မည်

ထားဝယ် ဩဂုတ် ၁၀

တနင်္သာရီ တိုင်းဒေသကြီး ရေပိုင်နက်အတွင်း ဆောင်ရွက်မည့် ကမ်းလွန်လုပ်ကွက် အမှတ် M-15 စီမံကိန်းသည် မုတ္တမ ကမ်းလွန်ဒေသ၏ တောင်ဘက်ပိုင်း မြိတ်မြို့၏ အနောက်ဘက် မိုင် ၁၂၀ ခန့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်၏ ကမ်းလွန်ပင်လယ်ပြင်တွင် တည်ရှိကာ ရဲတံခွန်စီမံကိန်း လုပ်ကွက်ဖြစ်သည့် M-12, M-13, M-14 နှင့် ချိတ်ဆက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် M-15 စူးစမ်းရှာဖွေရေး တွင်းတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CFG Energy Pte., Ltd က ကမ်းလွန်လုပ်ကွက်အမှတ် (M-15) စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားမှ သိရသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း အထွေထွေမန်နေဂျာ (ကမ်းလွန်)က ဆွေးနွေးတင်ပြခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ CFG Energy Pte., Ltd Chairman Mr. Songning Shen က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက M-15 ကမ်းလွန်လုပ်ကွက် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး အစီအစဉ်၊ စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ဒေသခံများနှင့် ဆက်ဆံရေး၊ စည်းရုံးရေး ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံစဉ် စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်း လုပ်ငန်းများ အတွက် လိုအပ်သည်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူများ အတွက်ပါ အကျိုးပြုမှုများစွာ ဖြစ်ထွန်းမည့် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နိုင်ငံ၏အမျိုးသား အကျိုးစီးပွား မထိခိုက်စေရန်နှင့် တိုးတက်ဖြစ်ထွန်းစေရန် ရှေးရှုပြီး လုပ်ထုံး လုပ်နည်းများနှင့်အညီ ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး က ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ ရန်ကုန်မှ

Toll Pass Mobile Application နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ရန်ကုန် - မန္တလေး လမ်းမကြီးပေါ်ရှိ တိုးလ်ဂိတ်ခြောက်ဂိတ်တွင် တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီအသုံးပြုနိုင်တော့မည်ဖြစ်သည်။

အဆိုအပါ Toll Pass RFID စနစ်ပြီးစီးပါက မော်တော်ယာဉ်များ တိုးလ်ဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Freeflow ဖြတ်သန်းနိုင်ခြင်း၊ အချက်အလက်များ ပိုမိုတိကျ မှန်ကန်စွာ စုဆောင်းနိုင်ပြီး ငွေသားဖြင့် ပေးဆောင်ရန်မလိုအပ်တော့သဖြင့် လေလွင့်ဆုံးရှုံးမှုများ ပပျောက်ကာ Cashless စ နစ်သို့ ပြောင်းလဲနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခ ကောက်ခံနေသည့် တိုးလ်ဂိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ နေပြည်တော်တိုးလ်ဂိတ်၌ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသော ခရီးသည်တင် မှန်လုံယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် စည်းကမ်းတကျ မောင်းနှင်စေရေးအတွက် Telematic စနစ်တပ်ဆင်ထားပြီး မော်တော်ယာဉ်များကို စောင့်ကြည့်ထိန်းသိမ်းခြင်း အခြေအနေ၊ ယခင်အသုံးပြုနေသည့် Electronic Toll Collection (ETC) စနစ်ကိုလည်း RFID (Radio Frequency Identification Device) စနစ်ဖြင့် လမ်းအသုံးပြုခ ပေးချေသည့်စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲလျက်ရှိပြီး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန် လမ်းပိုင်း)ရှိ တိုးလ်ဂိတ်သုံးဂိတ်တွင် တပ်ဆင်စမ်းသပ်ဆောင်ရွက်မှု အခြေအနေနှင့် ၁၁၅ မိုင် (ဖြူး)တိုးလ်ဂိတ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ရပ်စောက်မှ

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကယ်ဆယ်ရေးလှေများ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရပ်စောက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဇော်ဂျီအားကစားခန်းမနှင့် ဥတ္တံတားဓမ္မာရုံသို့လည်းကောင်း၊ ကလောမြို့ ရေဘေးသင့်ပြည်သူများအား အမှတ်(၅) ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ပြောင်းရွှေ့ပေးပြီး ရေဘေးသင့်ပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆေးစစ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✪ MSME မှ

အဆိုပါ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းရှင်များ ချေးငွေရယူရာတွင် အဆင်ပြေစေရန် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ပြင်ဆင်ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်း ပေးအပ်နိုင်ခြင်းမရှိ၍ CGI စနစ်ဖြင့် ချေးငွေရယူလိုပါကလည်း ငွေကျပ်သန်း ၅၀ အထိ တိုးမြှင့်၍ ချေးငွေအာမခံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် MSME ချေးငွေလုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အလားတူ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လက်ရှိ MSME ချေးငွေ အများဆုံးပမာဏ ငွေကျပ်သန်း ၁၀၀ သတ်မှတ်ထားရှိမှုကို တိုးမြှင့်သတ်မှတ်နိုင်ရန် ဘဏ္ဍာရေးစည်းမျဉ်းပါ သတ်မှတ်ချက်များကို ပြင်ဆင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေဂျင်စီအနေဖြင့် MSME ချေးငွေမူဝါဒနှင့်အညီ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လက်ကျန်အခြေအနေများ၊ ချေးငွေစိစစ်ခွင့်ပြုမှုလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ချေးငွေပမာဏတိုးမြှင့်ထုတ်ချေးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးကြရာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်၏ မူဝါဒနှင့်အညီ MSME လုပ်ငန်းရှင်များ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိကြသည့် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေး သီချင်းဖြစ်သည့် “ဘဝတွက်တာ ကျောင်းကျန်းမာ” သီချင်းဖြင့်သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေးအတွက် **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”** ဟူသည့်ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်နှင့်ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် **“ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”** ဟူသည့်အတိုင်း ငယ်ရွယ်စဉ် ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်း တစ်ခုဖြစ်အောင်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့်ကျန်းမာရေး ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေး အဆင့်မြင့် ကျောင်း လုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်းသိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန် လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် **“ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်”** ကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ကြောင်းကို သိရှိရကြောင်း။

ထိုသို့ ကျောင်းကျန်းမာရေး သီတင်းပတ်နှင့် ကျောင်းသား လူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တို့ကို တစ်ချိန်တည်း ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင် အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့် ကျန်းမာသည့်ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှု အခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသား ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွား ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်တော်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန် တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည် ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း။

ကျောင်းသား လူငယ်များ၏ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးများ မိခင်ဝမ်းအတွင်း သန္ဓေသားအဖြစ် ရှိနေချိန်မှစတင်ပြီး လိုအပ်သည့် အာဟာရဓာတ်များနှင့် ပြည့်စုံစေရန် ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရပြည့်ဝရန်လည်း လိုအပ်ကြောင်း၊ မွေးဖွားပြီး မွေးကင်းစအရွယ်မှ ကလေး အသက်နှစ်နှစ်ပြည့်သည့် အထိ **“ဘဝရွှေဆောင် ရက်ပေါင်းတစ်ထောင်”** ကာလအတွင်း၌လည်း အာဟာရပြည့်ဝအောင် ပြုစုကျွေးမွေး စောင့်ရှောက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက်လည်း ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ် (MCCT)ကို လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ် (၇)ခုတွင်ရှိသည့် ဦးစားပေးဒေသများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး အသက်ငါးနှစ်အောက် ကလေးများ၏ အာဟာရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးပြုစုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုအခြေအနေကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည့် ပြုစုကုသမှုများပေးခြင်းတို့ကိုလည်း အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ရွာအခြေပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မူကြိုကျောင်းများတွင်လည်း ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ကျောင်းသား လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ် ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာ ရရှိစေရန်နှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ် ပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားတစ်ဦးချင်းအလိုက် ကျောင်းကျန်းမာရေး စစ်ဆေးမှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစဉ်။




နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “ဘဝတွက်တာ ကျောင်းကျန်းမာ” သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်စဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု ပထမရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု ပထမရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

✰ စာမျက်နှာ ၄ မှ

ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အခြေခံပညာအတန်းအားလုံး လွှမ်းခြုံမှုရှိအောင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပညာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများ ရရှိစေရေး ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် သင်ကြားပေးခြင်း၊ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသည့် ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသည့်ရေရရှိရေး စသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးများကို ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ ရရှိကျင့်သုံးစွဲမြဲစေရန် စနစ်တကျလက်ဆေးခြင်း၊ သွားတိုက်ခြင်း စသည်တို့ကို သင်ကြားပေးခြင်း၊ သွေးအားနည်းရောဂါ ကာကွယ်ရန် ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းနှင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြား တစ်ပတ်လျှင် နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်းအစားအစာများ အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများ ဖြစ်သည့် ကျောင်းမုန့်ဈေးတန်းကို လည်း ပုံမှန်စစ်ဆေးပြီး အာဟာရပြည့်ဝသည့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချစေခြင်း၊ အစားအစာရောင်းချသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ပဏာမ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားကျန်းမာရေး စီမံကိန်းတွင်ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် "ကျောင်းကျန်းမာရေး ဗဟိုကော်မတီ" ကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကျောင်းကျန်းမာရေးကော်မတီများကိုပညာရေး၊ကျန်းမာရေးဝန်ထမ်းများအပြင် လူမှုရေးအသင်းအဖွဲ့များ၊ အမှန်တကယ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးနိုင်သူများနှင့် ဖွဲ့စည်းပြီး ထိရောက်အောင်မြင်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအလိုက် ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ်များထားရှိခြင်းကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် KG မှ စတင်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလတန်းအရွယ်ကလေးများအပြင် ဆယ်ကျော်သက်အရွယ်ကလေးများတွင်ပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုပညာသင်နှစ်မှ စတင်ပြီး Grade-12 အထိ စဉ်ဆက်မပြတ် လွှမ်းခြုံမှုရရှိအောင် အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုများကို လျှော့ချရန် အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည် ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးအရွယ်မှစပြီး ဘဝတစ်သက်တာတွင် အစာအမျိုးအမည်(၅)မျိုးပါအောင် စုံလင်စွာစားသောက်တတ်သည့် အလေ့အကျင့်နှင့် မိသားစုများပါ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝမျှတသော အစားအသောက်များ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးကြရန်လိုကြောင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများ ချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ် ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည် ဖြစ်ကြောင်း။

ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များထဲမှတစ်ခု ဖြစ်သည့် သင်တန်းနှင့် သုတေသနလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁,၁၅၅ ဦး၏ ကျန်းမာရေးဆိုင်ရာအခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်ကို သိရှိရကြောင်း၊ အဆိုပါသုတေသနရလဒ်အရ ကိုယ်အလေးချိန်လျော့နည်းသည့် ကျောင်းသားကျောင်းသူ ၂၃ ရာခိုင်နှုန်းနှင့် အဝလွန်သည့် ကျောင်းသားကျောင်းသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသား ကျောင်းသူ သုံးပုံတစ်ပုံခန့်သာ တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှုရှိကြောင်း၊ ကျောင်းသားကျောင်းသူ ဆယ်ပုံတစ်ပုံခန့်က စိတ်ဖိစီးမှုများ ခံစားနေရကြောင်း၊ ဆယ်ကျော်သက် ကျောင်းသားကျောင်းသူများမှာ အီး-စီးကရက် (Vape) အပါအဝင် ဆေးလိပ်၊ အရက် ပါဝင်သည့်အဖျော်ယမကာနှင့် မူးယစ်ဆေးစမ်းသပ်သုံးစွဲမှုများရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့် ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့် လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့် ကျောင်းများဖြစ်စေရန် လိုအပ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင်ပေ ၁၀၀ အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဥပဒေအရ

စာမျက်နှာ ၆ သို့ ✰

✰ ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲ ကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့် သင်ကြားပေးသွားကြရမည်

✰ သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များကို ရရှိမည်




ဒုတိယသမ္မတ ဦးညိုစော ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ KG ကျောင်းသား၊ ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့်မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများ ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့ အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးစဉ်။

☆ စာမျက်နှာ ၅ မှ

ပိတ်ပင် တားမြစ်ထားကြောင်း၊ ထို့အပြင် အီး-စီးကရက်နှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲခြင်းနဲ့ လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီး ဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်း ကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများ ဖြစ်သည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ဆေးလိပ်၊ Vape၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ခြင်း စသည့်ပညာပေးလှုပ်ရှားမှု အစီအစဉ်များတွင် ကျောင်းသား၊ ကျောင်းသူအားလုံး တက်ကြွစွာ ပါဝင်လာစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေး ကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လုံလောက်သည့် အိပ်စက်ချိန်ရရှိရေး၊ စိတ်ဖိစီးမှုများ ခံစားနေရသည့်ကလေးများကို မိဘနှင့်ဆရာများက ပူးပေါင်းပြီး ကူညီပံ့ပိုးမှုရှိသည့် ပတ်ဝန်းကျင်များ၊ အပြုသဘောဆောင်သည့် ဆက်ဆံရေးများနှင့် အားပေးကူညီခြင်းတို့ကိုလည်း သက်ဆိုင်သူအားလုံးက ပူးပေါင်းပြီး ပိုမိုအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များ ဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှုအပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေး စစ်ဆေးမှု မှတ်တမ်းကတ်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပိုပြီး ထိရောက်စွာဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေး အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု(ပထမဆု)ရရှိကြသည့် ကျောင်းများဖြစ်ကြသည့် အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာအလယ်တန်း အဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာ မူလတန်းအဆင့်တွင် ပထမဆုရရှိသည့် အခြေခံပညာမူလတန်းကျောင်း တောင်ပို့ကြီး(မြောက်) ညောင်ရွှေမြို့နယ် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

## မှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းများ Video Clip နှင့် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ကျောင်းသား၊ကျောင်းသူလေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှုအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ကောင်စီနယ်မြေတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ဆရာ၊ ဆရာမများနှင့် မိဘများ ပူးပေါင်းပြင်ဆင် ချက်ပြုတ်ထားသည့် ဟင်းလျာများ ပြသထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများက အာဟာရပြည့်ဝ ကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာအုပ်စုများနှင့် တစ်နေ့တာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံအကြောင်း ရှင်းလင်းတင်ပြမှု၊ KG ကျောင်းသား၊ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့်မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများ ကျွေးမွေးနေမှု၊ ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုတို့ကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့ အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မူလတန်း ကျောင်းသား၊ ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း သရုပ်ပြသမှု၊ မူလတန်းကျောင်းသား၊ ကျောင်းသူများက စနစ်တကျ လက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြသမှု၊ ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့်ငါးသန့် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှု၊ အီး-စီးကရက်(Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့် ပတ်သက်၍ အဖွဲ့လိုက်အပြန်အလှန် ဆွေးနွေးလေ့လာလျက်ရှိမှု၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုလျက်ရှိမှု၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုအား KG၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှု၊ ပဏာမမျက်စိစောင့်ရှောက်မှုလုပ်ငန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှုနှင့် သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ အတွင်းရေးမှူးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအားလူနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအိုက်ပန်း၊ ဦးစိုင်းမောက်နှင့် ဦးဇင်ခမ်းနော်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မိုင်းလားအဖွဲ့နှင့် နေပြည်တော်တွင် ဒုတိယအကြိမ် တွေ့ဆုံရသည့်အတွက် အထူးပင် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအကြိမ် မိုင်းလားတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး ယခင် NDAA ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းမှုအား ဝမ်းသာပါကြောင်း၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်းနှင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိုင်းလားဒေသအား မြင့်မားသည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိအောင် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အား ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ချို့နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များသည် အဆင့်လိုက် လုပ်ဆောင်ရသည်များရှိပြီး ဌာနဆိုင်ရာများတွင်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများရှိသည့်အတွက် ညှိနှိုင်းဆောင်ရွက်ရသည်များရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုအပ်ချက်များအား နှစ်ဖက်ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တိုးတက်ကောင်းမွန်သော အရွေ့တစ်ခုသို့ရောက်အောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နေပြည်တော်သို့ ဖိတ်ခေါ်သည့်အတွက် ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအနေဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဇွန် ၁၇ ရက်တွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍ နေပြည်တော်တွင် ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် အလေးထားဖိတ်ခေါ်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း ချမှတ်ခဲ့သည့် "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းလာခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့်လည်း ကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အမွေဆက်ခံပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးပြီး ပိုမိုရင်းနှီးသည့် ဆက်ဆံခြင်းမှ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးစေလိုပါကြောင်း၊ လမ်းညွှန်ချက်များကို ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အပေါ် ဂရုစိုက်မှုများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ဆောက်ရေး၊ ကျိုင်းတုံ-မိုင်းလားလမ်းမကြီးပြုပြင်ရေး၊ မိုင်းယု-ကျိုင်းယန်းတံတား ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်ရေး၊ နယ်စပ်ဒေသ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု အဆင့်အတန်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ရန်အတွက် သင်ကြားရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ ဆေးဝါးနည်းပညာဆိုင်ရာများ ဖလှယ်ခြင်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ခြင်းအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးနိုင်ရေး ကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးအလားအလာကောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက် ဆက်ဆံရေးခိုင်မာစေရေး တင်ပြဆွေးနွေးချက်များအပေါ် NSPNC ဘက်မှ နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအဖြေရှာခြင်း နည်းလမ်းကို အဆင့်လိုက်တိုးမြှင့် ဆောင်ရွက်သွားရေး၊ NDAA ၏ ခေါင်းဆောင်မှု အပြောင်းအလဲနှင့် ခေါင်းဆောင်သစ်များစုဖွဲ့မှုများ၊ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးမှု" မူဝါဒနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်သည့် အချက်အလက်များကို အဓိကထား စဉ်းစားဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များအား ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ၁/၂၀၂၆ ဖွင့်လှစ်

မန္တလေး ဩဂုတ် ၁၀

ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် ကဋ္ဌနမဟီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ၁/၂၀၂၆ ကို ကဋ္ဌနမဟီရပ်ကွက်၊ ရွှေဘုံသာဘုရားဝင်းမှော်ရုံ၌ ဩဂုတ် ၇ ရက်မွန်းလွဲပိုင်းက ဖွင့်လှစ်ခဲ့သည်။



(အောက်ဝဲပုံ)

အဆိုပါသင်တန်းတွင် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးက ၂၀-၇-၂၀၂၆ ရက်မှ ၂၄-၇-၂၀၂၆ ရက်အထိ ဖွင့်လှစ်ခဲ့သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ToT မှ သင်တန်းဆင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါး ဥပဒေအကြောင်းအရာများအား သက်ဆိုင်ရာရပ်ကွက်နေ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူလူထုထံသို့ ပို့ချပေးခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပေးခဲ့သည်။

အဆိုပါ ဥပဒေပညာ ပြန့်ပွားရေးဆင့်ပွားသင်တန်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၂၀ ဦး၊ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ကျန်ရှိသော ဥပဒေဘာသာရပ်များကိုလည်း ပြက္ခဒိန်နှစ်အတွင်း သင်တန်းအပတ်စဉ်အလိုက် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၈)



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

လွိုင်လင် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အ·ထ·က(၁) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၇)မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြရာ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၊ ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်









**မန္တလေး ဩဂုတ် ၁၀**

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် မိုးရာသီသဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံဖြစ်ပွားမှုများ ဖြစ်ပေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသအချို့တွင်လည်း ဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်က မိုးကုတ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ဆည်တော်ကြီးရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှုများပြားခဲ့သည့်အတွက် ဆည်တော်ကြီးရေလှောင်တမံ ဘေးကင်းလုံခြုံမှုရှိစေရန် ပိုလျှံရေများကို ထိန်းညှိလျှော့ချခဲ့ရာ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်အတွင်း ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု၊ (မန္တလေး-မိုးကုတ်လမ်း)ပေါ်တွင် ရေကျော်ခြင်း၊ ကျောက်စရစ်ကုန်း(တောင်)ကျေးရွာများတွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကုန်းကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီရွှေ့ပြောင်းခြင်းများကို အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းက မတ္တရာမြို့နယ်၊ ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကယ်ဆယ်ရေးစခန်း၌ နေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ လာရောက်ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ရေဘေးသင့်ပြည်သူများ လိုအပ်သော အသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ရေလွှမ်းခဲ့မှုကြောင့် ကျေးရွာအုပ်စု(၁၃)အုပ်စုမှ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးစပါး(၁၉၀၈)ဧက၊ အစေ့ထုတ်ပြောင်း(၄)ဧက၊ နေကြာ(၁၅)ဧကနှင့် ကွမ်းရွက်ခြံဧက(၁၂၀) ထိခိုက်ပျက်စီးခဲ့မှုအပေါ် စနစ်တကျစိစစ်၍ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်၏ နောက်ဆက်တွဲပါရှိလာတတ်သည့် ကျန်းမာရေးပြဿနာများကို အားလုံးအထူးသတိပြု ရှောင်ရှားနေထိုင်သွားကြရန်အရေးကြီးပါကြောင်းနှင့် ရေများပြန်လည်ကျဆင်းသွားပါက နေရပ်များတွင် ပြန်လည်နေထိုင်နိုင်ရန် သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရေဘေးသင့် အိမ်ခြေ(၈၅)လုံးမှ အိမ်ထောင်စု(၈၅)စု၊ လူဦးရေ(၂၈၅)ဦးအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၎င်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဆည်တော်ကြီးရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှု ပမာဏ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလှောင်တမံအတွင်း သတ်မှတ်ရေလှောင်ပမာဏထက် ကျော်လွန်ဝင်ရောက်ခဲ့မှုနှင့် ရေလှောင်တမံကြံ့ခိုင်ရေးနှင့် ချောင်းတစ်လျှောက်ရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ရေထိန်းတံခါးများအား ထိန်းညှိလွှတ်ခဲ့မှုနှင့် ကျေးရွာများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ကျေးရွာများတွင် ရေဝင်ရောက်မှုများ လျော့နည်းစေရန်နှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ရေဘေးသင့်ပြည်သူတစ်ဦးက ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့် ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများပြောကြားပြီးနောက် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများအတွင်း ရေများပြန်လည်ကျဆင်းနေမှုနှင့် ရေကျော်ခဲ့သည့် ကျောက်စရစ်ကုန်း(တောင်)ကျေးရွာ(မန္တလေး-မိုးကုတ်)ကားလမ်းပေါ်တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ အဆင်ပြေချောမွေ့စွာဖြင့် ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးနေမှုများ၊ ချောင်းမကြီးချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံငါတံတားကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ချောင်းမကြီးချောင်းအနီးဝန်းကျင် ရေဝင်ရောက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၈ မှ






မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဒေါင်ခြေသာစံရှိုင်၊ မတ္တရာမြို့နယ်
ကျောက်စရစ်ထုန်း(တ)ကျေးရွာအုပ်စု၊ ဖီးပြုပ်ထုန်းကျေးရွာ


မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဒေါင်ခြေသာစံရှိုင်၊ မတ္တရာမြို့နယ်
ကျောက်စရစ်ထုန်း(တ)ကျေးရွာအုပ်စု၊ ဖီးပြုပ်ထုန်းကျေးရွာ


မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဒေါင်ခြေသာစံရှိုင်၊ မတ္တရာမြို့နယ်
ကျောက်စရစ်ထုန်း(တ)ကျေးရွာအုပ်စု၊ ဖီးပြုပ်ထုန်းကျေးရွာ


မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဒေါင်ခြေသာစံရှိုင်၊ မတ္တရာမြို့နယ်
ကျောက်စရစ်ထုန်း(တ)ကျေးရွာအုပ်စု၊ ဖီးပြုပ်ထုန်းကျေးရွာ


မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ဒေါင်ခြေသာစံရှိုင်၊ မတ္တရာမြို့နယ်



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နည်းပြများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို သိရှိနားလည်ပြီး အကောင်အထည်ဖော်ဆောင်နိုင်စေရန်၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုတိကျစွာနားလည်သဘောပေါက်စေရန် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာပြီး ထိရောက်မြန်ဆန်သော ဝန်ဆောင်မှုများပေးနိုင်ရန်၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော်နှင့်ပြည်သူအကြား ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားများဖြစ်ပြီး ပြည်သူများ၏ မျှော်လင့်ချက်များ မြင့်မားလာသည်နှင့်အမျှ ဥပဒေဆိုင်ရာ အသိပညာများသာမက စွမ်းဆောင်ရည်၊ စီမံခန့်ခွဲမှုစွမ်းရည်တို့ဖြင့် ပြည်သူဗဟိုပြုဝန်ဆောင်မှု အရည်အသွေးများ ပိုမိုအားကောင်းလာစေရန် အစဉ်တစိုက်မြှင့်တင်နေကြရမည်ဖြစ်ပါကြောင်းနှင့် စံပြဒေသများဖြစ်လာအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား နှုတ်ဆက်အားပေးခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် မန္တလေးမြို့ပေါ်ရှိ ပုသိမ်ကြီးမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၇၈ ဦး တက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း မိုးကုတ်၊ မြစ်သား၊ ငါန်းဇွန်၊ သာစည်၊ ပျော်ဘွယ်၊ ညောင်ဦး စသည့်မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ပေါ်ရှိ မြို့နယ်(၂)ခုအပါအဝင် မြို့နယ်(၈)ခုမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်း(၄၃၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များတွင် ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၉ မှ






## ဘီလာရုဇ်နိုင်ငံ လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သော ကျောင်းသားအား ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ အနာဂတ်လူငယ်များအတွက် စာပေယဉ်ကျေးမှုများ ဖလှယ်နိုင်စေရန် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဘီလာရုဇ်နိုင်ငံသို့ ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၅ ရက်အထိ သွားရောက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ Grade - 6 ကျောင်းသား မောင်ခွန်းဝသန်ကျော်သူအား ဂုဏ်ပြုကြိုဆိုပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဇော်ခိုင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဂုဏ်ပြုပွဲကို အောင်ဇမ္ဗူခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။ ဆက်လက်၍ မောင်ခွန်းဝသန်ကျော်သူက လူငယ်တွေ့ဆုံပွဲ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ လူငယ်တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဘီလာရုဇ်နိုင်ငံသို့ စာပေ၊ အားကစား၊ ယဉ်ကျေးမှုဆိုင်ရာများကို အချင်းချင်းဖလှယ်ကြသည်။ ရန်ကုန်တိုင်းဒေသကြီးမှ အသက်(၁၂)နှစ်မှ (၁၅)နှစ်ကြား ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့သည် ဘီလာရုဇ်နိုင်ငံသို့ ၁၀ ရက်ကြာ လေ့လာရေးခရီး ထွက်



ခဲ့ကြသည်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူများမှာ အင်္ဂလိပ်စာထူးချွန်သော ကျောင်းသား၊ ကျောင်းသူများဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၁)**



တရားခံ မကြည်ကြည်အေး(ခ)ကြည်အေး(ခ)အမိုးနှင့် နန်းမြရင် (ခ)မအေးငြိမ်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F)လမ်း ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော်ကို Hiject ယာဉ်တစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်ဩဂုတ် ၃ ရက်ည ၈ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F) လမ်း ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ မကြည်ကြည်အေး (ခ) မကြည်အေး (ခ)အမိုးနှင့် နန်းမြရင် (ခ)မအေးငြိမ်းတို့ နှစ်ဦးအား ရောင်စုံပလတ်စတစ် ဆပ်ပြာခွက် ၆၆၀၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၅၉ ဒသမ ၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅ ဘီလီယံ)အား Hiject ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို ချမ်းမြသာစည်မြို့နယ် ၆၁(ဘီ)လမ်းနှင့် ၁၁၁ လမ်းထောင့်တွင် လွှဲပြောင်းပေးခဲ့သူ ကျောက်မဲမြို့နေ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်) နှင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ လားရှိုးမြို့နယ်နေ အန်ဇန် (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၀

တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နေ အမျိုးသမီးနှစ်ဦးကို ၎င်းတို့နှင့် ခင်မင်ရင်းနှီးသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တဖန်းပင်ကျေးရွာအုပ်စုနေ အေးသီတာနှင့် ခိုင်မွန်းဂျာတို့ သားအမိက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ် သိန်း ၁၂၀ ခန့်ရမည်၊ တရုတ်အမျိုးသားနှင့် တရားဝင်မင်္ဂလာဆောင်ပေး၍ တရားဝင်နေထိုင်နိုင်ရေးလုပ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် အေးသီတာက မူဆယ်မြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း(ပ) ၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၇ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးသီတာအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခိုင်မွန်းဂျာအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ ဆီဆောကျေးရွာအနီးတွင် တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့များ ပါဝင်သော တပ်မတော်စစ်ကြောင်းများသည် လိုအပ်သည့် ရှာဖွေစီစစ်မှုများ ဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ ခန့်သို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ၅၀၊ အနံ ပေ၂၀၊ အမြင့် ၁၅ ပေ ယာယီအလုပ်ရုံမိုးကာတဲတစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲတစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေ ထမင်းချက်ဆောင်မိုးကာတဲ တစ်လုံး၊ အလျားပေ ၃၀၊ အနံ ပေ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ Star Link ၁၀ စုံ၊ Star Link ဗန်းနှစ်ခု၊ Laptop ၂၅ လုံး၊ Power Station ခြောက်လုံး၊ Wifi U6 Pro ခြောက်ခု၊ Freezer (အလတ်) တစ်လုံး၊ ပလတ်စတစ်စားပွဲ၊ ကုလားထိုင်များ၊ မီးစက် နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများသည် အဆိုပါနေရာတစ်ဝိုက်အား ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆီးဆောရွာ၏အရှေ့တောင်ဘက် မီတာ ၂၀၀၀ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၁ဦးတို့အား လည်းကောင်း၊ ဆီးဆောရွာ၏ တောင်ဘက် မီတာ ၁၇၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆ ဦးအားလည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ခဲ့ သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လဲချားမြို့ ဆီဆောကျေးရွာအနီး၌ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိစဉ်။



လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦး ဘတ် နှစ်သန်း လျော်ကြေးရရှိ

ရန်ကုန် ဩဂုတ် ၁၀

ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦးအတွက် ဘတ်နှစ်သန်း လျော်ကြေးရရှိခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မက္ကဆန်ဘူတာအနီး မီးရထားသံလမ်းကူးတွင် ခရီးသည်တင်ဘတ်စ်ကားနှင့် ရထားတို့တိုက်မိ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ကွယ်လွန်သွားခဲ့ရသူ မအေးအေးမြင့်၏ ကျန်ရစ်သူမိသားစုထံသို့ ထိုင်းနိုင်ငံ လူမှုဖူလုံရေးဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ ရရှိစေရေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး၏ ကြိုးကြပ်မှုဖြင့် အလုပ်သမား သံအရာရှိရုံးက ကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် မအေးအေးမြင့်၏ မိသားစုအနေဖြင့် ရထိုက်သည့် အကျိုးခံစားခွင့် ထိုင်းဘတ်ငွေ နှစ်သန်းအား ဇူလိုင်၁၅ရက်တွင် ထုတ်ယူရရှိခဲ့ပြီးဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်ထားသည်။ ထို့ကြောင့် ကွယ်လွန်သူ၏အစ်ကိုဖြစ်သူက ၎င်းတို့၏ မိသားစုကိုယ်စား ဩဂုတ်၅ ရက်တွင် အလုပ်သမား သံအရာရှိရုံးသို့ ကိုယ်တိုင်လာရောက်၍ သံရုံးနှင့် အလုပ်သမားသံအရာရှိရုံးမှ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်ကို အလုပ်သမားသံအရာရှိရုံးမှ ထုတ်ပြန်ထားသည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း၍ ကူညီပေးလျက်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

MT




## ၂၀၂၆-၂၀၂၇ စာသင်နှစ် သင်တန်းများဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

အဓိပတိဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသနှင့် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဇောတိကတို့ ဦးဆောင်ဖွင့်လှစ်သော မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ လမ်း၆၀ နှင့်၆၂လမ်းကြားရှိ မေတ္တာနန္ဒမ္မဒူတကျောင်း အဘိဓမ္မာတက္ကသိုလ်(မန္တလေး)ဌာနခွဲ ပညာပါရမီကျောင်းဆောင်တွင် ဩဂုတ် ၉ ရက် နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ စာသင်နှစ်သင်တန်းများ ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားသို့ အဘိဓမ္မာတက္ကသိုလ်(မန္တလေး) ဌာနခွဲ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိကဆရာတော် အမှူးပြုသော သင်ကြားပို့ချ ဆရာတော်များအဘိဓမ္မတက္ကသိုလ်(မန္တလေး) ဌာနခွဲမှ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်လင်း၊ အတွင်းရေးမှူးဦးစိုးလှနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းမှူး ဆရာမဒေါက်တာ ခင်သီတာဟန်နှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိကက ငါးပါးသီလနှင့် ဩဝါဒတရား ချီးမြှင့်တော်မူသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးက အဘိဓမ္မာတက္ကသိုလ်တွင် ဘာသာရပ်အသီးသီးကို သင်ကြားပို့ချပေးကြသော ဆရာတော်များနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုသင်ကြားရေး ရာထူးလက်မှတ်များ ပေးအပ်ချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြားရေးဆရာတော်များအား တက်ရောက်လာသူများက နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုများအား ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်လင်း၊ အတွင်းရေးမှူး ဦးစိုးလှနှင့်သင်တန်းမှူး ဒေါက်တာခင်သီတာဟန်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားကို ပါမောက္ခချုပ်ဆရာတော်ကြီးက ချီးမြှင့်တော်မူသည်။

အဆိုပါသင်တန်းများမှ အဘိဓမ္မာဒီပလိုမာတွဲ၊ အဘိဓမ္မဆေကတွဲ၊ မဟာအဘိဓမ္မာဆေကာတွဲ၊ ပါရဂူတွဲများ အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၇၀)**

## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူသည့် ပညာရေး(ငြိမ်း) ဆရာမကြီး တစ်ဦးအား ငွေကျပ် ၁၅ သိန်း ထောက်ပံ့

**သရက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် သက်ပြည့်အငြိမ်းစားယူသည့် ပညာရေး(ငြိမ်း) ဆရာမကြီး တစ်ဦးအား ငွေကျပ် ၁၅ သိန်း ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပီတိပညာရေး ပရဟိတ နာယက ဦးအောင်ကျော်စိုးက အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမများလစဉ် အလှူငွေပေးအပ်ရာတွင် စေတနာအလှူငွေ ကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပီတိပညာရေးပရဟိတ အဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာ အလှူငွေကောက်ခံဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သက်ပြည့်အငြိမ်းစားပင်စင်ယူသည့် ဒေါ်ခင်ခင်ဦး အလပြ အ·ထ·က(၃)အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ဦးအောင်ကျော်စိုးက ပေးအပ်ရာ သက်ပြည့်ပင်စင်ယူသည့် ဒေါ်ခင်ခင်ဦး အလယ်တန်းပြ အ·ထ·က (၃) က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။




ထို့နောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးတို့အား ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် ပင်စင်ယူသည့် ဆရာမကြီး တစ်ဦးက အလှူငွေကျပ် သုံးသောင်းအား လှူဒါန်းခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာမကြီးဒေါ်တင်တင်ယုက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ဇော်ထက်(သရက်)**

## ကျေးရွာစည်ပင်သာယာနယ်နိမိတ်သတ်မှတ်နိုင်ရေး ကွင်းဆင်းညှိနှိုင်းဆောင်ရွက်

**မိုင်းပျဉ်း ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ယန်းကျေးရွာ၌ စည်ပင်သာယာနယ်နိမိတ်သတ်မှတ်နိုင်ရေး ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ဘက်စုံသုံးခန်းမ (ဝမ်ယန်း)တွင် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်းက ဝမ်ယန်းကျေးရွာအား ယခုထက်မက ပိုမိုသန့်ရှင်းသာယာလှပဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားရှိနိုင်ရေးကို ရှမ်းဘာသာဖြင့် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝဏ္ဏဖြိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးစိုင်းနွံမောင်းတို့က စည်ပင်သာယာရေးဌာန၏လုပ်ငန်းများ၊ အကျိုးပြုဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းပိုးစိန်က ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို ပြန်လည် မေးမြန်းကြရာ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

**မြို့သစ် ဩဂုတ် ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အိုင်တို(တ)ကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က မီးခိုးမြူငွေ့အန္တရာယ် အကြောင်းသိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိုင်တို(တ)ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(ဝဲပုံ) နီလာထွေး**



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၁၀**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ စားရိပ်သာခန်းမတွင် ဩဂုတ် ၈ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံတားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးအဖွဲ့အစည်း (MADO)မှ တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံတားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးအဖွဲ့အစည်း(MADO)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းသန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တားမြစ်ဆေးဝါးသုံးစွဲမှုစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာထက်ဝေနှင့် အဖွဲ့ဝင် ဦးအောင်ထက်နိုင်တို့က တားမြစ်ဆေးဝါးသုံးစွဲမှုဆန့်ကျင်ရေးဆိုင်ရာအသိပညာပေးဟောပြောကြပြီး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ တားမြစ်ဆေးPlay True Game Activity ကစားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

# ငလျင်ဒဏ်သင့်ခဲ့သော မန္တလေးတက္ကသိုလ်ဓမ္မာရုံနှင့် ဇန်းမော်သိမ် ပြုပြင်တည်ဆောက်ပြီးစီး၍ ရေစက်ချလှူဒါန်း၊ အလှူရှင်များအား ဂုဏ်ပြု

**မန္တလေး ဩဂုတ် ၁၀**

ငလျင်ဒဏ်သင့်ခဲ့သော မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ဇန်းမော်သိမ်နှင့်စေတီတော်များကို ပြန်လည်ပြုပြင်တည်ဆောက်ရေးကော်မတီ၊ စေတနာရှင်အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူးပေါင်းပြင်ဆင်ခဲ့ရာ ဓမ္မာရုံနှင့် သိမ်တော်ကြီးတို့ ရာနှုန်းပြည့်မွမ်းမံပြင်ဆင်တည်ဆောက်ပြီးစီးခဲ့သည်။

ဓမ္မာရုံ၊ သိမ်အလှူရှင်တို့၏ ကောင်းမှုကုသိုလ်အစုစုတို့ကို ရေစက်သွန်းချအမျှဝေခြင်း၊ ဓမ္မာရုံကျောင်းတော်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊မန္တလေးတက္ကသိုလ်ဓမ္မာရုံဖွင့်လှစ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၉ ရက်က မန္တလေးဓမ္မာရုံတွင် ကျင်းပသည်။



နံနက် ၆ နာရီတွင် ဆရာတော်၊ သံဃာတော်များအား ဓမ္မာရုံပြန်လည်တည်ဆောက်ရေးကော်မတီက အရုဏ်ဆွမ်းကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့်ဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူကြသည်။ ဆက်လက်၍ နံနက် ၈နာရီတွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာ ဝန်ကြီး ဒေါက်တာ လှကြွယ်၊ ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းအောင်ကြည်၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ နေဝင်းဦးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးကော်မတီနာယက ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ စေတနာအလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ ပြန်လည်ပြုပြင်ရေးကော်မတီနာယကက ဦးတင်မောင်က ဓမ္မာရုံ၊ သိမ်နှင့် စေတီတည်ဆောက်မှုများအား တင်ပြပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

(ဓဲပုံ)

(၀၄၅)

# ပခုက္ကူမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်အေးက မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းနှင့်ကိုယ်ပိုင်ကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ ဝူရှူးအားကစားအဖွဲ့များက သရုပ်ပြဖျော်ဖြေခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကာ အဖွင့်ပွဲစဉ်အဖြစ် အမှတ်(၃)ရပ်ကွက်အသင်းနှင့် GPFC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၃)ရပ်ကွက်အသင်းက သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၉ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲ အသင်း ၁၆ သင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့်မြို့နယ်ကိုယ်စားပြု အားကစားသမားကောင်းများ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၄၀)



# ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာကြီးကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးပေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာအတွက် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ရွာသာယာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

(ဓဲပုံ)

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၁၂ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)



# နယ်စပ်တောင်တန်းဒေသသို့ ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆန်အိတ် လှူဒါန်း

**မန္တလေး ဩဂုတ် ၁၀**

မန္တလေး၊တောင်စလင်းတိုက် သစ်ဘာဝနာဌာနပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်နှင့် နာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) သို့ နယ်စပ်တောင်တန်းဒေသတွင် သာသနာပြုနေကြသည့် သံဃာတော်များအတွက် ဝါဆိုသင်္ကန်း တစ်စုံငွေကျပ် ငါးသောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။

မန္တလေးအသင်းချုပ်အနေဖြင့် ရှမ်းပြည်တောင်ပိုင်း ဇီးဖြူတောင် သာသနာပြုဌာန ဘဒ္ဒန္တ ဥတ္တမ (ခေတ္တ)အား အသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက ဝါဆိုဆန်အိတ်တစ်အိတ်နှင့် ဝါဆိုသင်္ကန်းတစ်စုံ စုစုပေါင်းတန်ဖိုး ငွေကျပ် တစ်သိန်းသုံးသောင်းကို အလှူရှင်များ ကိုယ်စား ပေးအပ်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် မန္တလေးမြို့နေ အလှူရှင် ဦးအုန်းမောင်+ဒေါ်ချစ်ချစ်မိသားစုက သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်သိန်းသိန်း၊ ဦးသန်းငွေး အမြွှာမောင်နှမတို့က (၆၈) နှစ်မွေးနေ့အတွက် သင်္ကန်းတစ်စုံ၊ မန္တလေးမြို့ အလှူရှင် ဦးထွန်းရွှေ+ဒေါ်ငြိမ်းတို့ရည်စူး၍ ကျန်မိသားစုက သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်မြင့်ကြည်အားရည်စူး၍ ကျန်မိသားစုက သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဦးချစ်ရွှေ+ဒေါ်ငွေးငွေး သားမြေးတစ်စုက သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် အဘွား ဒေါ်တင်တင်၊ ဒေါ်ခင်မေယု၊ ဒေါ်စုစုထွန်းတို့က (ဆွေမျိုးများ) ရည်စူး၍ သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်အေးအေးနှင့် မောင်နှမတစ်စုက ဝါဆိုသင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်ထွေး(သုခိတာ)မိသားစုက သင်္ကန်းနှစ်စုံတို့ကို အသီးသီးပေးလှူကြရာ အလှူရှင်များအား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

၀-၀-၀-၀-၀

# ယခုနှစ် မိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်မျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ် မိုးရာသီတွင် ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် ၅၅၉ ဧကလျာထားပြီး လက်ရှိအချိန်အထိ ၅၃၅ ဧက (၉၅ ဒသမ ၇၁)ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော် ရွှေ၊ မိုး၊ဆောင်း ဟင်းသီးဟင်းရွက် သီးနှံများကို ချောင်းရေတင်စနစ်နဲ့ နှစ်စဉ်စိုက်ပျိုးတယ်။ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမျိုးရွေးချယ်ပြီး ဈေးကွက်ဝင်သီးနှံကို တစ်လှည့်စီ စိုက်ပျိုးတယ်။ အခုအခါ ရုံးပတီ၊ ခရမ်း၊ ရွှေဖရုံ၊ သခွား၊ ခဝဲ၊ ငရုတ်စတဲ့သီးနှံတွေ စိုက်ပျိုးထားတယ်" ဟု ရှမ်းစုကျေးရွာနေ တောင်သူ ဦးမျိုးထွန်းက ပြောသည်။



အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတုကင်းလွတ် သီးနှံ အထွက်တိုးရေးအတွက် သဘာဝအားဆေး၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေး၊ ပိုးနှင်ဆေးပြုလုပ်သုံးစွဲနည်းများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။ (ဓဲပုံ)

ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်လမ်းရရှိပြီး မိသားစုဝင်ငွေရရှိနေကြောင်း သိရသည်။ (၄၈၀)

# မီးဖိုချောင်ဆေးဝါး (Kitchen Pharmacy)

သောင်းမြင့်ဇော်(သုံးဆယ်မြေ-မန္တလေး)

ကျွန်ုပ်တို့သည် ရောဂါတစ်ခုဖြစ်လာပြီဆိုလျှင် ဆေးဝါးကို အဝေးမှာသာ ရှာဖွေလိုကြသည်။ မိမိအနီးအနားတွင်ရှိနေမှန်း သတိမမူကြပေ။ ဥပမာ-မီးဖိုချောင်တွင် အစဉ်အမြဲရှိနေသော ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်တို့ပင် ဖြစ်သည်။ ၎င်းတို့သည် သွားကိုက်ရောဂါမှစ၍ သွေးတိုးရောဂါအဆုံး ပျောက်ကင်းနိုင်သော အစွမ်းသတ္တိရှိကြသဖြင့် မီးဖိုချောင်ဆေးဝါး(Kitchen Pharmacy)ဟုပင် တင်စားခေါ်ဝေါ်ကြသည်။ အစားအသောက်ထဲတွင် ကြက်သွန်ဖြူတစ်လွှာနှင့် လေးညှင်းပွင့်နှစ်ပွင့်ကို အနည်းဆုံးရက်သတ္တတစ်ပတ်စာ စားသုံးခြင်းဖြင့် ကောင်းကျိုး ငါးမျိုး ရရှိမည်ဖြစ်သည်။ ဆရာအောင်မျိုးမြတ်(မန္တလေး)၏ ကျန်းမာရေးဆေးနည်းများထဲတွင် ကြက်သွန်ဖြူဟာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဖြစ်ကြောင်း၊ ၎င်းတွင်ပါဝင်သော သဘာဝဂုဏ်သတ္တိတွေဟာ ရောဂါများစွာကို ကုသပေးနိုင်ပြီး ဆေးဝါးအဖြစ်လည်း ကမ္ဘာပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြောင်း ဖော်ပြပါရှိသည်။ ထို့အတူ လေးညှင်းပွင့်ဟာ ထက်မြက်တဲ့ဂုဏ်သတ္တိရှိ၏။ ပွင့်စေတဲ့သတ္တိရှိ၏။ ဝမ်းမီးတောက်၊ အစာကြေ၊ အူလမ်းကြောင်းပွင့်စေတဲ့ သတ္တိရှိ၏။ ကင်ဆာကို ကာကွယ်နိုင်တဲ့ သတ္တိရှိ၏လို့ ဆေးကျမ်းများက ဆိုပါတယ်ဟု ဖွင့်ဆိုထားသည်။

ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်တို့ကို တစ်ပတ်စာပုံမှန်စားသုံးခြင်းဖြင့် ကောင်းကျိုး ငါးမျိုးရရှိသည်ဟု ကျွမ်းကျင်သော ဆရာဝန်ကြီးများက ဆိုသည်။

**ကောင်းကျိုး(၁)** နှလုံးနှင့်သွေးကြော ကျန်းမာရေးကို ကောင်းမွန်စေသည်။

ကြက်သွန်ဖြူထဲတွင်ပါဝင်သော Allicin(အယ်လီစင်)ဓာတ်သည် သွေးကြောတွေကို ကျယ်စေပြီး သွေးဖိအား(သွေးတိုး)ကို ကျစေသည်။ ထို့အပြင် သွေးထဲက မကောင်းတဲ့ ကိုလက်စထရော (LDL) ကို လျှော့ချပေးပြီး သွေးခဲပိတ်ဆို့ခြင်းကိုလည်း ကာကွယ်ပေးနိုင်သဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်ကို လျှော့ချပေးနိုင်သည်။

**ကောင်းကျိုး(၂)** ကိုယ်ခံအားစနစ်ကို အားကောင်းစေခြင်းဖြစ်စေသည်။

ကြက်သွန်ဖြူနှင့် လေညှင်းပွင့်တို့တွင် ရောဂါပိုးမွှားများကို တိုက်ဖျက်နိုင်သော Antimicrobial အစွမ်းသတ္တိတွေ ရှိကြသည်။ ကြက်သွန်ဖြူသည် ဗိုင်းရပ်စ်များကို တိုက်ဖျက်နိုင်သကဲ့သို့ လေးညှင်းပွင့်ကလည်း မှိုပိုးနှင့် ပိုးမွှားတွေကို ဟန့်တားပေးသောကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးဖြစ်တာတွေကို သက်သာစေသည်။

**ကောင်းကျိုး(၃)** နာကျင်မှုကိုလျှော့ချပြီး အကိုက်အခဲပျောက်စေခြင်း။

လေးညှင်းပွင့်တွင်ပါသော Eugenol(ယူဂျီနော)ဓာတ်သည် သဘာဝထုံဆေးတစ်မျိုးကဲ့သို့ အလုပ်လုပ်ပါသည်။ အထူးသဖြင့် သွားကိုက်တာ၊ သွားဖုံးရောင်ရမ်းတာအတွက် လေးညှင်းပွင့်သည် အစွမ်းထက်သလို ကြက်သွန်ဖြူကလည်း ရောင်ရမ်းမှုကို လျှော့ချပေးသည့်အတွက် အဆစ်၊ အမြစ်ရောင်ရမ်းတာတွေကို သက်သာစေနိုင်သည်။

**ကောင်းကျိုး(၄)** သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း။

သုတေသနပြုချက်တွေအရ လေးညှင်းပွင့်မှာပါသော ဒြပ်ပေါင်းများတွင် Insulin (အင်ဆူလင်)အလုပ်လုပ်ပုံကို ပိုကောင်းစေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုသမားများအတွက် အထောက်အကူပြုသည်။

**ကောင်းကျိုး(၅)** အစာချေစနစ်ကို ကောင်းမွန်စေပြီး ကိုယ်ခန္ဓာကိုသန့်စင်ပေးခြင်း။

ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်ဆိုသော ဟင်းခတ်အမွှေးအကြိုင်နှစ်မျိုးသည် အစာခြေအင်ဇိုင်းများကို ပိုမိုထွက်ရှိစေပြီး လေပွတာ၊ ဗိုက်ကယ်တာတွေကို လျှော့ချပေးသည်။ ထို့အပြင် အူလမ်းကြောင်းထဲက မကောင်းသော ဘက်တီးရီးယားတွေကို ဖယ်ရှားသုတ်သင်ပေးပြီး အစာအိမ်ကျန်းမာရေးကို စောင့်ရှောက်ပေးသည်။

အထက်ပါကောင်းကျိုးငါးမျိုးရသည့် အားလျော်စွာ ဆေးဖက်ဝင်အာနိသင်အပြည့်အဝရရှိဖို့အတွက် ကြက်သွန်ဖြူကို အမြှာလိုက်ထောင်းပြီး(သို့မဟုတ်)ပါးပါးလှီးပြီး လေထဲတွင် ၁၀ မိနစ်ခန့်ထားပေးပါက Allicin(အယ်လီစင်)ဓာတ် အပြည့်အဝထွက်ရှိပြီး ပိုမိုအာနိသင်ထက်မြက်စေသည်။ ကြက်သွန်ဖြူကို အစိမ်းအတိုင်း စားသုံးနိုင်လျှင် ပို၍ကောင်းသည်။ တစ်နေ့လျှင် ကြက်သွန်ဖြူ တစ်လွှာ၊ နှစ်လွှာထက် ပိုမိုစားသုံးရန်မသင့်ပါ။ လေးညှင်းပွင့်ကိုတော့ တစ်နေ့လျှင် သုံးပွင့်မှ ငါးပွင့်အထိ စားသုံးပေးနိုင်သည်။ သို့သော် နှစ်ပွင့်ဆိုလျှင် လုံလောက်ပါသည်ဟု ကျွမ်းကျင်သူတို့က ဆိုကြသည်။

အိမ်တွင်းကုထုံးအနေဖြင့် ဖော်ပြရလျှင် ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်ကို လက်ဖက်ရည်(Garlic and Clove Tea) အဖြစ် သောက်သုံးပေးသင့်သည်။ ပြုလုပ်ပုံမှာ ရေတစ်ဖန်ခွက်ကို ဆူအောင်အပူပေးပါ။ ၎င်းထဲသို့ ကြက်သွန်ဖြူတစ်လွှာထောင်းပြီး ထည့်ပါ။ လေးညှင်းပွင့် သုံးပွင့်လည်းထည့်လိုက်ပြီး မိနစ်အနည်းငယ်ခန့် နှပ်ထားပေးပါ။ ပြီးလျှင် အရည်ကိုစစ်ထုတ်ပြီး ပျားရည်အနည်းငယ်(သင့်တင့်ရုံ)ထည့်ကာ သောက်သုံးပေးပါ။ ၎င်းလက်ဖက်ရည်သည် အအေးမိခြင်း၊ နှာစေးခြင်းနှင့် ကိုယ်ခံအားနည်းခြင်းများကို ပျောက်ကင်းအောင် အထောက်အကူပြုသည်။

နောက်တစ်မျိုးမှာ ပျားရည်စိမ်ကြက်သွန်ဖြူ (Fermented Garlic Honey) ဖြစ်သည်။ ဖန်ပုလင်းသန့်သန့်ထဲတွင် ကြက်သွန်ဖြူအမြှာလေးများကို အခွံသင်၍ထည့်ပြီး ပျားရည်ကို ကြက်သွန်ဖြူမြုပ်အောင်ထည့်ပေးပါ။ ရစ်လခန့်ကြာလျှင် ကြက်သွန်ဖြူအရသာက ချိုမြိန်ပြီး စားကောင်းပါလိမ့်မည်။ နေ့စဉ် ပျားရည်စိမ် ကြက်သွန်ဖြူတစ်ဇွန်း စားပေးခြင်းဖြင့် သွေးတိုးကျစေပြီး ကိုယ်ခံအားကို အံ့မခန်းမြှင့်တင်ပေးသည်ကို တွေ့ရမည်ဖြစ်သည်။ သတိပြုစရာအနေဖြင့် သွေးကျဲဆေးသောက်သုံးရသူများ(သို့မဟုတ်) မကြာခင်ခွဲစိတ်မှု တစ်ခုခုလုပ်ရမည့်သူများ ကြက်သွန်ဖြူကိုများများစားခြင်း မပြုသင့်ပေ။ ဆရာဝန်ကို အရင်တိုင်ပင်ဖို့ လိုသည်။

နှလုံးနှင့်သွေးကြောကျန်းမာရေးအတွက် "ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်" ပေါင်းစပ်လိုက်သောအခါ "အစွမ်းထက်တွဲဖက်" (Synergy) အဖြစ် ဘယ်လိုအလုပ်လုပ်သလဲဟု မေးစရာရှိသည်။ ရိုးရှင်းစွာပြောရလျှင် "ဤတွဲဖက်"သည် ကျွန်ုပ်တို့ခန္ဓာကိုယ်အား ထောက်ပံ့ပေးသော သွေးကြောများစွာကို နည်းလမ်းပေါင်းစုံဖြင့် သန့်စင်ပေးခြင်းအပြင် သွေးကြောများကို ကျယ်စေပြီး သွေးဖိအားကို ချပေးသည်။ ကြက်သွန်ဖြူကိုထောင်းလိုက်၍ ထွက်လာသော Allicin (အယ်လီစင်)သည် အဓိကဓာတ်လိုက်ဖြစ်သည်။ ၎င်းသည် သွေးကြောကျဉ်းမှုကို တားဆီးပေးပြီး သွေးကြောကို ကျယ်စေကာ သွေးစီးဆင်းမှုကောင်းမွန်စေပြီး သွေးတိုးကို ကျစေသည်။ ထို့အပြင် သွေးကြောထဲက အညစ်အကြေးများနှင့် သွေးခဲမှုကို တားဆီးပေးသည်။

ကြက်သွန်ဖြူသည် သွေးထဲတွင် မကောင်းသော ကိုလက်စထရော LDL နှင့် အခြားပစ္စည်းများကို ဖယ်ရှားပေးပြီး ကောင်းသော ကိုလက်စထရော LDL ကို မြှင့်တင်ပေးသည်။ ထို့အပြင် သွေးဆဲလ်များကို တစ်ခုနှင့်တစ်ခု ကပ်ငြိပြီး သွေးခဲပိတ်ဆို့မှုမဖြစ်စေသည့်အတွက် နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်သည်။ နောက်တစ်ခုအနေဖြင့် သွေးကြောတွေ ဟောင်းနွမ်းပျက်စီးမှုကိုလည်း ကာကွယ်ပေးသည်။ လေးညှင်းပွင့်တွင်ပါသော Eugenol နှင့် Antioxidint များသည် သွေးကြောနံရံများကို သံချေးတက်ခြင်းဟု တင်စားခေါ်ဝေါ်ခြင်းကို ကာကွယ်ပေးသည်။

လေးညှင်းပွင့်က ရောင်ရမ်းမှုကို လျှော့ချပေးပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည့်အတွက် နှလုံးကျန်းမာရေးကို သွယ်ဝိုက်သောနည်းဖြင့် အထောက်အကူပြုသည်။

ကြက်သွန်ဖြူနှင့် လေးညှင်းပွင့် နှစ်ခုကိုပေါင်းလျှင် ပို၍ကောင်းသည်မှာ ကြက်သွန်ဖြူက သွေးကြောများကို လမ်းပွင့်သွားအောင်နှင့် သွေးဖိအားကျအောင် တိုက်ရိုက်လုပ်ဆောင်ချိန်တွင် လေးညှင်းပွင့်က သွေးကြောတွေရောင်ရမ်းမှုမရှိအောင်နှင့် ပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးသည်။ ကြက်သွန်ဖြူသည် သွေးလှည့်ပတ်မှုကောင်းစေသည်။ သွေးတိုးကျစေသည်။ ကိုလက်စထရောကို လျှော့ချပေးသည်။ လေးညှင်းပွင့်က ဆဲလ်များ ပျက်စီးခြင်းကို ထိန်းသိမ်းပေးသည်။ သကြားဓာတ်ကို လျှော့ချပေးသည်။ ရောင်ရမ်းမှုကို ကာကွယ်ပေးသည်။ ဤသို့ နည်းလမ်းပေါင်းစုံမှ တစ်ပြိုင်နက်တည်း အလုပ်လုပ်ကြတာကြောင့် နှလုံးနှင့်သွေးကြောအတွက် အစွမ်းထက် "တွဲဖက်"ဖြစ်လာရခြင်းဖြစ်သည်။

လူ့လောကတွင် တဖြည်းဖြည်း သွေးတိုးရောဂါသည် အသက်ကြီးလာသည်နှင့်အမျှ စွဲကပ်လာသည်။ ဆီးချိုရောဂါနှင့်အတူ ပြိုင်တူအစွမ်းပြလာကြသည်။ မီးဖိုချောင်ဆေးဝါးဖြစ်သည့် ကြက်သွန်ဖြူနှင့် လေးညှင်းပွင့်သည် သွေးတိုးနှင့်ဆီးချိုကို ပျောက်ကင်းသက်သာအောင် ဆောင်ကြဉ်းပေးလိမ့်မည်ဟု ယုံကြည်သောအားဖြင့် သဘာဝကပေးသော ဤဆေးဖက်ဝင် အစားအစာများကို ပညာရှိရှိ စားသုံးကြကာ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ကျန်းမာရေးအတွက် အသိပညာဝေငှပေးပါသော မေတ္တာရှင်၊ ကရုဏာရှင် ဆရာဝန်ကြီးများကို လေးစားဦးညွှတ်လျက် .....

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိုင်းနိုင်ငံနှင့်မလေးရှား ကမ္ဘာလှည့်ခရီးသွားဓာတ်ပုံပညာရှင်များ ရိုက်ကူးလျက်ရှိ

**ညောင်ဦး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေထဲတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဓာတ်ပုံပညာရှင်များသည် ယနေ့ နံနက် ၆ နာရီမှစတင်၍ စူဠာမဏိဘုရားတောင်ဘက် ဖိုးမောက်ကြီးတောင်ကုန်းပတ်ဝန်းကျင်တွင် မှတ်တမ်းတင်ရိုက်ကူးလျက်ရှိသည်။

အဆိုပါ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဓာတ်ပုံပညာရှင် ၁၂ ဦးသည် ပုဂံဒေသ၏ အလွန်လှပသော ရှုခင်းများနောက်ခံနှင့် မြန်မာကျေးလက်တောင်သူတို့၏ စပါးရိတ်သိမ်းပြီးချိန် စပါးခြွေလှေ့ပုံ၊ နွားများဖြင့် ကောက်ရိုးသယ်ယူပုံ၊ စပါးရိတ်သိမ်း ခြွေလှေ့ပြီးချိန် ကောက်ရိုးပုံများထားရှိပုံတို့အား ပုဂံဘုရားများနောက်ခံနှင့် ပြင်ဆင်ရိုက်ကူးလျက်ရှိသည်။ ဆက်လက်၍ ဓာတ်ပုံပညာရှင်များသည် အရှေ့အိုးထိန်းကုန်းပေါ်မှ နေထွက်လာပုံတို့အား ပုဂံဘုရားများနောက်ခံနှင့် အမိအရမှတ်တမ်းယူနေကြပြီး ညနေပိုင်းတွင်လည်း ဖိုးမောက်ကြီး ရှုခင်းကြည့်တောင်ကုန်းပေါ်မှ ပုဂံဘုရား၊ ဧရာဝတီမြစ်နှင့် တန့်ကြည်တောင်တန်းနောက်ခံရှုခင်းများဖြင့် ပုဂံဒေသနေဝင်ချိန်တို့အား ရိုက်ကူးမှတ်တမ်းတင်မည်ဖြစ်ကြောင်း၊ စူဠာမဏိဘုရားပတ်ဝန်းကျင်၊ မြင်းကပါကျေးရွာ၊ ပြာသာဒ်ကြီးဘုရားပတ်ဝန်းကျင်နှင့် မင်းနန်သူကျေးရွာ၊ အနောက်ဖွားစောကျေးရွာပတ်ဝန်းကျင်တို့တွင်လည်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဓာတ်ပုံပညာရှင်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရိုက်ကူးကြကာ သတ်မှတ်အခွန်အခများကိုလည်း ပေးဆောင်ထားကြောင်း သိရသည်။ **(ယာပုံ)**

**(၄၈၁)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဂါနီယို လန်းစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**ပါရီ ဩဂုတ် ၁၀**

ပြင်သစ်လီဂူးကလပ် လန်းစ်အသင်းသည် အသင်းနောက်ခံကစားသမား ဂါနီယိုကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် လန်းစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဂါနီယိုက 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။ **(NGB)**

## လူးကပ်စ်ဒစ်ဂ်နီ ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် (၁၂)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**ပါရီ ဩဂုတ် ၁၀**




နောက်ခံကစားသမားသစ် လူးကပ်စ်ဒစ်ဂ်နီသည် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ်(၁၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား လူးကပ်စ်ဒစ်ဂ်နီသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၂ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လူးကပ်စ်ဒစ်ဂ်နီ အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ပီအက်စ်ဂျီအသင်းနှင့်အတူ အောင်မြင်မှုဆုဖလားများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ထရီဗီချာလိုဘာကို ကိုမိုအသင်း ခေါ်ယူ

**တူရင် ဩဂုတ် ၁၀**

စီးရီးအေကလပ် ကိုမိုအသင်းသည် ချဲလ်ဆီးအသင်း နောက်ခံကစားသမား ထရီဗီချာလိုဘာကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။ **(ယာပုံ)**

နောက်ခံကစားသမား ထရီဗီချာလိုဘာသည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၇ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုမိုအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ကိုမိုအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သည့်အနေဖြင့် လက်ရှိဈေးကွက် အတွင်း ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(NGB)**






## လူးဝစ်ပေ့ချ်ကို ခေါ်ယူရန် မန်ယူအသင်း ကမ်းလှမ်း

**လန်ဒန် ဩဂုတ် ၁၀**

မန်ယူအသင်းသည် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား လူးဝစ်ပေ့ချ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။ **(ဓါတ်ပုံ)**

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၁ပွဲကစားပြီး ခြေစွမ်းပြထားရာ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

လက်စတာစီးတီးအသင်းကလည်း လူးဝစ်ပေ့ချ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လက်စတာစီးတီးအသင်းမှ လူးဝစ်ပေ့ချ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းအဖြစ် အာဆင်နယ်အသင်း ထိပ်ဆုံးတွင်ရပ်တည်

**လန်ဒန် ဩဂုတ် ၁၀**

၂၀၂၆ခုနှစ်အတွင်း ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းအဖြစ် အာဆင်နယ်အသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း နာမည်ကျော်အချက်အလက်ကုမ္ပဏီ Optaက ထုတ်ပြန်ခဲ့သည်။

Opta ၏ ထုတ်ပြန်ချက်အရ အာဆင်နယ်အသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ ပီအက်စ်ဂျီ၊ ဘာစီလိုနာ၊ မန်ယူ၊ အက်စတွန်ဗီလာ၊ ရီးရဲလ်မက်ဒရစ်၊ အင်တာမီလန်၊ လီဗာပူး စသည့် ကလပ်အသင်းများက အသီးသီး ရပ်တည်ခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက 'အခုလို ကမ္ဘာ့အကောင်းဆုံးကလပ်အသင်း ထိပ်ဆုံးနေရာမှာ ရပ်တည်ခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ အခုလို ထိပ်ဆုံးနေရာကို ဆက်လက်ထိန်းသိမ်းနိုင်အောင်လည်း ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## လူးဝစ်ဟော အသင်းတွင် ဆက်ရှိသွားမည်ဟု နယူးကာဆယ်အသင်းအတည်ပြု

**လန်ဒန် ဩဂုတ် ၁၀**

နောက်ခံကစားသမား လူးဝစ်ဟော အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း နယူးကာဆယ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား လူးဝစ်ဟောသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် 'လူးဝစ်ဟော အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**




### ဘောလုံးသတင်းအတိုအထွာများ

* တူရကီကလပ် ဂါလာတာစာရေးအသင်းသည် အာဆင်နယ်အသင်း တိုက်စစ်မှူး မာတင်နယ်လီကို ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

* ပါးမားအသင်းသည် အတ္တလန်တာအသင်း တိုက်စစ်မှူး အယ်လ်ဘီလယ်တိုရေးကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

* ရိုးမားအသင်းသည် လိုင်ယွန်အသင်း တောင်ပံကစားသမား မာလစ်ခ်ဖိုဖာနာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**



## လာဇီယိုအသင်းက ဖရိုစီနိုနီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် ဩဂုတ် ၁၀**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လာဇီယိုအသင်းနှင့် ဖရိုစီနိုနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လာဇီယိုအသင်းက ဖရိုစီနိုနီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂မိနစ်နှင့် မိနစ် ၉၀ တွင် ဇက်ကာဂနီ တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

လာဇီယိုအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စီးရီးအေရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၄ရက်တွင် ဘိုလော့ဂ်နာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အပေါ်ပုံ) (NGB)**

## 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**တိုရွန်တို ဩဂုတ် ၁၀**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Marta Kostyuk ကို ၃-၆၊ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ရုရှားတင်းနစ်မယ် Diana Shnaider တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မြေကွက်အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်အမှတ်(၃၂)၊ တကကမြသန်း အမည်ပေါက်မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တပ်ကြပ်ကြီး မြသန်း(ငြိမ်း) တစ်ဦးတည်းကသာ ယနေ့ချိန်ထိ ပိုင်ဆိုင်ခြင်း ဖြစ်ပြီး မည်သူကိုမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ဖြစ်စေ၊ နိုတြီပဗ္ဗလစ်၌ဖြစ်စေ၊ အထွေထွေကိုယ်စားလှယ်စာလွှဲအပ်ခြင်းနှင့် အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းများ မရှိပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မည်သူမဆို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ထားခြင်းရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တပ်ကြပ်ကြီးမြသန်း(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဇင်မီမီကျော် (LL.B)** — **ဒေါ်အေးမြတ်သူ (LL.B)**

**အထက်တန်းရှေ့နေ (စဥ်–၄၈၇၈၁)** — **အထက်တန်းရှေ့နေ (စဥ်–၅၆၀၃၈)**

**၁၀၂လမ်းနှင့် ၁၀၄လမ်းကြား၊ ၈၇လမ်း(ရတနာသီရိလမ်း)၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၀၈၅၁၆၆၇၊ ၀၉-၆၇၇၉၃၂၆၉၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၅)၊ ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးခိုင်မောင်ဇော်(ဘ)ဦးဘစီ (၇/တငန(နိုင်)၀၂၄၀၁၅) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခိုင်မောင်ဇော်(ဘ)ဦးဘစီ(၇/တငန (နိုင်)၀၂၄၀၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(ခ)ရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(ခ/၂၅၇)၊ မြေဧရိယာ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ ဦးကျော်နိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးညွန့်အောင်(ဘ)ဦးစံညိမ်း (၈/ပခက(နိုင်)၀၆၉၆၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၇၂၅၉၀၉၀၄၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၁၄၇-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးမောင်မောင်တင် အမည်ဖြင့် ချထားပေးသည့် မြေကွက်နှင့် မြေရှိ (၂)ထပ်တိုက် အဆောက်အဦ၊ လျှပ်စစ်မီတာ၊ ရေမီတာနှင့် အရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို တရားဝင် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ပြောဆိုလိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဒေါ်ဝါဝါ၊ ဒေါ်သန်းသန်းအေး**

**၃၅လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ အကွက်(၆၄၂)၊ ဟေမမာလာမြောက်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း– ၀၉–၂၅၆၀၄၃၆၅၅**

## ကုန်အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၁လမ်းနှင့်၈၂လမ်းကြားနေ ဒေါ်ခက်ခက်လင်း(အဘ)ဦးလှရှိန်(၅/ခဥတ(နိုင်)၁၁၂၃၁၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

YOMA

STUDIO

**မှတ်ပုံတင်စာချုပ်အမှတ်(၁၂၇၃/၂၀၂၆)**

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ဖော်ပြပါ **YOMA STUDIO** ကုန်ပစ္စည်းအမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်ပစ္စည်းအမှတ်တံဆိပ် မှတ်ပုံတင် မြွက်ဟကြေညာစာတမ်း စာချုပ်အမှတ်(၁၂၇၃/၂၀၂၆)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါ ကုန်ပစ္စည်းအမှတ်တံဆိပ်ကို အသုံးပြုပြီး အဝတ်အထည်အမျိုးမျိုးတို့ကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိရာ လူအများ နှစ်သက်စွာဖြင့် တစ်ခဲနက်အားပေးလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့မိတ်ဆွေ၏ **YOMA STUDIO** ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို နစ်နာကြေးငွေများ တောင်းခံကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် |
|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) |

| ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူစာဝင်း |
|---|---|---|
| (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊**

**၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## ကွင်းအမှတ်(၆၁၂)၊ မြေကွက်အမှတ်(B-၈၁/က)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်အုပ်စု၊ ရွှေလေးကွက်သစ်အတွင်း ကွင်းအမှတ်(၆၁၂)၊ မြေကွက်အမှတ်(B-၈၁/က)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းဆင့် အမည်ဖြင့် ချထားပေးခြင်းခံခဲ့ရသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူများဖြစ်ကြသည့် ၁။ ဦးရဲကျော်ထွန်း(ဘ)ဦးရန်အင်ချို(၁၃/ကခန(နိုင်)၁၅၆၃၉၅)၊ ၂။ ဒေါ်နှင်းနှင်းအေး(ဘ)ဦးရန်အင်ချို(၁၃/ကခန(နိုင်)၀၉၁၃၃၃၉)၊ ၃။ ဦးလှမြင့်ထူး(ဘ)ဦးရန်အင်ချို(၁၃/ကခန(နိုင်)၀၈၂၇၅၆)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## ကွင်းအမှတ်(၆၁၂)၊ မြေကွက်အမှတ်(B-၈၁/ခ)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်အုပ်စု၊ ရွှေလေးကွက်သစ်အတွင်း ကွင်းအမှတ်(၆၁၂)၊ မြေကွက်အမှတ်(B-၈၁/ခ)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်နု အမည်ဖြင့် ချထားပေးခြင်းခံခဲ့ရသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူများဖြစ်ကြသည့် ၁။ ဦးရဲကျော်ထွန်း(ဘ)ဦးရန်အင်ချို(၁၃/ကခန(နိုင်)၁၅၆၃၉၅)၊ ၂။ ဒေါ်နှင်းနှင်းအေး(ဘ) ဦးရန်အင်ချို(၁၃/ကခန(နိုင်)၀၉၁၃၃၃၉)၊ ၃။ ဦးလှမြင့်ထူး(ဘ)ဦးရန်အင်ချို(၁၃/ကခန(နိုင်)၀၈၂၇၅၆)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၄(စီ)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၁၄/က)၊ (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိတွင် ပိုင်ရေးပိုင်ခွင့်ရှိကြောင်း၊ ယခုရောင်းချသူက လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိကြောင်း၊ ကန့်ကွက်ဟန့်တားလိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ဟန့်တားခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်လင်း(LL.B)၊ ဦးဖိုးငွေး(LL.B)၊ ဦးဇော်ရှင်း(LL.B)၊**

**ဒေါ်ထက်ထက်အောင်(LL.B)၊ ဒေါ်ဖူးသက်သက်ထွေး(LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၆၈လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၆၀၃၄၀၊ ၀၉-၈၈၂၀၆၀၃၄၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(င/၆၅)၊ ဧရိယာ(၀ ဒသမ ၀၂၇)ဧက အကျယ်အဝန်းရှိ ဂရန်ကွက်မှာ ဦးအုံးသော် အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်ချို(ဘ)ဦးဆိုထူးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာဝင်းနှင့် ဒေါ်ခင်သီတာထွန်းတို့က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သွယ်သွယ်လှိုင်(စဉ်/၉၄၃၆)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၂၅–က)၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၃၀၁၂၀၄၄၊ ၀၉–၆၆၉၉၇၄၇၀၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်အမှတ်(၈၄-က)၊ ဧရိယာ(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းငွေး(ဘ)ဦးညွန့်မောင်(၉/မနတ(နိုင်)၀၉၀၃၀၆) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းရွှေ(ဘ)ဦးပါ(၉/ပကခ(နိုင်)၀၀၀၅၁၉)နှင့် ဒေါ်နွယ်နီခိုင်(ဘ)ဦးပါ(၉/ပကခ(နိုင်)၀၀၀၅၅၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc. PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်းနှင့် ၁၁၀(A)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၅၁၄၀၄၇၈၊ ၀၉–၇၆၇၆၃၈၅၀၁၊ ၀၉–၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးဖိုးတွတ် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတုန်ပေါင်စိုး(ဘ)ဦးတုန်ရှင်ဖင့်(၁၃/လလန(နိုင်)၀၅၄၂၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၃)၊ ဦးပိုင်နံပါတ်(၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးငွေးအောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မို့မို့မင်းအောင်(ဘ)ဦးမင်းအောင်(၉/မခန(နိုင်)၁၆၃၃၉၅) [၎င်း၏ကိုယ်စား ဦးအောင်အောင်သိန်း(ဘ)ဦးသိန်းထိုက်(၅/မမန(နိုင်)၀၅၉၉၄၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင် (LL.M) | ဦးဖြိုးသာခန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၈)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးငွေးမောင်နှင့် ဒေါ်ငွေးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုကြည်(ဘ)ဦးဘို(၉/မရမ(နိုင်)၀၆၇၇၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တသမြင့်စိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ပူးတွဲဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမျိုးမင်းအောင်(ဘ)ဦးအောင်သန်း(၈/ရစက(နိုင်)၁၁၄၉၇၂)နှင့် ဒေါ်မြတ်ဖူးဇော်(ဘ)ဦးဇော်မြင့်ထွန်း(၉/ခမစ(နိုင်)၀၃၀၂၁၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၁၁၀)၊ မြေကွက်ပေါ်တွင် ဦးမောင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မသန(နိုင်)၀၀၄၄၀၄)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၀)၊ ဦးပိုင်အမှတ်(၈)၊ မြေကွက်ပေါ်တွင် ဦးစိုင်းလောရှိ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၁၅၂၆၉)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၈၇-င)၊ မြေကွက်ပေါ်တွင် ဦးငွေးဇော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ယမပ(နိုင်)၀၅၂၈၁၇)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၄၇)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးညိုဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်ကြိုင်(ဘ)ဦးသန်းမောင်(၉/မနတ(နိုင်)၀၇၃၉၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်နံပါတ်(၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်စုမွန်ဖြိုး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ကြူ(ဘ)ဦးကြာအုန်း(၉/မရတ(နိုင်)၁၀၉၄၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးစိန်ထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ တောင်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကိုကိုသက်(ဘ)ဦးကြီးလှ(၉/ပကခ(နိုင်)၀၂၉၇၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်နံပါတ်(၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးသာပို အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြတ်သက်မွန်(ဘ)ဦးမြင့်စိုး(၉/တသန(နိုင်)၁၁၅၉၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ-လ-က နတ်ရေကန် အလယ်ကျောင်း၊ **Grade-9** တွင် ပညာသင်ကြားနေသော **မောင်ဝေယံလင်း** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးဖြိုးအောင်** ဖြစ်ပါသည်။

**ဦးဖြိုးအောင်(၉/မထလ(နိုင်)၃၀၀၆၉၄)**

## အမည်ပြောင်း

အဘ ဦးစိုးနိုင်၏သား မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ VEC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ **မောင်ချစ်မဝငယ်** အား **မောင်မင်းဆက်ပိုင်စိုး** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းဆက်ပိုင်စိုး**

## 'သရဖူ' အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀၊ ၈၂လမ်းထောင့်နေ **ဒေါ်မျိုးစန္ဒာ(ဘ)ဦးလှဝင်း(၉/ပသက(နိုင်)၁၁၀၄၄၅)**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

'သရဖူ'
**စာချုပ်အမှတ် - (၁၄၉၉/၂၀၂၆)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မျိုးစန္ဒာ** သည် အထက်ဖော်ပြပါ **'သရဖူ'** တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-**(၁၄၉၉/၂၀၂၆)**အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(စားသောက်ကုန်အမျိုးမျိုး)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်၊ ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မျိုးစန္ဒာ** ပိုင် **'သရဖူ'** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(စားသောက်ကုန်အမျိုးမျိုး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ် ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မျိုးစန္ဒာ**၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၄)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀ ဒသမ ၀၄၃၇)ဧက အကျယ်အဝန်းရှိသော ဦးယုချန်(ခ)ဇော်မင်းကျော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ် အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ ပရိဘောဂပစ္စည်း၊ ဆိုလာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးယုချန်(ခ)ဇော်မင်းကျော်(ဘ)ဦးချိန်ကောင်းဝူး(၁၃/မဆတ(နိုင်)၀၂၈၉၈၄)၊ (၂) ဒေါ်ကြည်ကြည်မိုး(ဘ)ဦးရန်စန်(၉/အမဇ(ပြု)၀၀၀၂၄၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၃)၊ ဦးပိုင်နံပါတ်(၂၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ကျော်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းသန်းထွန်း(ဘ)ဦးလှမောင်(၉/ပကခ(နိုင်)၀၁၉၀၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်ခင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမှို့မှို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

တာချီလိတ် ဩဂုတ် ၁၀

ခရီးသွားလုပ်ငန်းသည် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနေသည့် မီးခိုးမထွက်သောစက်ရုံ (Smokeless Industry) တစ်ခု ဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တာချီလိတ်မြို့ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခရီးသွား လုပ်ငန်းကို အနှစ်သာရပြည့်ဝသည့် ယဉ်ကျေးမှု အခြေခံခရီးသွားလုပ်ငန်း(Cultural Tourism)အဖြစ် တန်ဖိုးမြှင့်တင်ပေးပြီး မိမိတို့၏ အဖိုးတန်ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသ ရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ထင်ရှားသည့်ဆရာတော်ကြီးများ၏ သာသနာရေး ဆိုင်ရာ အခမ်းအနားများ၊သာသနိကအဆောက်အအုံ များနှင့် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်ကြသည့် ဒေသဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ ထူးခြားလှပသော ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ကမ္ဘာက ကျယ်ကျယ် ပြန့်ပြန့်သိရှိနားလည်စေရန် ပွဲတော်အခြေပြု ခရီးသွား လုပ်ငန်း (Festival Tourism)ကို မြှင့်တင်ရန်၊ တိုင်းရင်း သားများ၏ဒေသထွက်ရိုးရာအစားအသောက်များကို ပြည်တွင်း၌သာမက နိုင်ငံတကာက သိရှိကြိုက်နှစ်သက် စေရန် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံ၌ကျင်းပသော ဆွမ်းဆန်စိမ်း လောင်းလှူပွဲများ (Alms Offering Ceremonies)ကဲ့သို့ ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတော်များ ကို ပေါင်းစပ်ဖော်ထုတ်ဆောင်ရွက်ရန်၊ ခြေလျင် တောင်တက်ခြင်း၊ တောတွင်းလမ်းလျှောက်ခြင်း စသည့် စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)နှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း (Ecotourism)တို့ကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသခံတို့၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အကျိုးပြုသည့် ရပ်ရွာ လူထုအခြေပြုခရီးသွားလုပ်ငန်း (Community-Based Tourism)ကို တိုးချဲ့မြှင့်တင်ဖော်ဆောင်ကြရန် လိုအပ် ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းလည်း တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ တက်ရောက်လာသည့် အသင်းအဖွဲ့ များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ကြုံတွေ့နေ ရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့ပြင် ဝမ်ပုံဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း (Cross-border Tourism) ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် မဲခေါင်မြစ် ကြောင်းတစ်လျှောက် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေ လည်ပတ်နိုင်မည့် အပျော်စီးမြစ်ကြောင်း လေ့လာရေး ခရီးစဉ်များ ဖော်ထုတ်ဆောင်ရွက်ရေးမှာကြားပြီး ရွှေတြိဂံဟိုတယ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေကျဆင်းသွားသည့် နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟသ်ာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ မြို့ပေါ် ရပ်ကွက်နှစ်ခုနှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၉ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာခြောက်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၁၈၃ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတ အသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

# ၂၀၂၆-၂၀၂၇ အာရှကလပ်ပြိုင်ပွဲ (ACGL) ခြေစစ်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း သုဝဏ္ဏကွင်း အိမ်ကွင်း၌ လက်ခံကစားမည်




ရန်ကုန် ဩဂုတ် ၁၀

2025 MNL League Cup ချန်ပီယံ ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League (ACGL) ပြိုင်ပွဲ၏ ခြေစစ်ပွဲ အဆင့်(Preliminary Stage)တွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC)၏ ထုတ်ပြန်ချက်အရ ရန်ကုန်ယူနိုက်တက်အသင်းသည် ACGL ပြိုင်ပွဲ၏ အရှေ့အာရှဇုန် ခြေစစ်ပွဲစဉ် (Preliminary Stage - EAST) အဖြစ် လာအိုကလပ် Ezra FC အသင်းနှင့် လာမည့် စက်တင်ဘာလ ၈ ရက်(အင်္ဂါနေ့) မြန်မာစံတော်ချိန် ညနေ ၄ နာရီ တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအား ကစားကွင်း၌ အိမ်ကွင်းအဖြစ် လက်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ရာသီ ACGL ခြေစစ်ပွဲ၌လည်း ရန်ကုန်ယူနိုက်တက် အသင်းသည် အဆိုပါ Ezra FC အသင်းနှင့်ပင် သုဝဏ္ဏကွင်း၌ တွေ့ဆုံခဲ့ဖူးပြီး အချိန်ပိုတွင် တစ်ဂိုး၊ တစ်ဂိုးဖြင့် သရေကျခဲ့ကာ ပင်နယ်တီ အဆုံးအဖြတ်၌ သုံးဂိုး၊ ငါးဂိုး ဖြင့် ရှုံးနိမ့်ခဲ့ဖူးသည်။

သို့ဖြစ်ပါ၍ ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ယခုနှစ်တွင် မိမိတို့အိမ်ကွင်း၌ ပရိသတ်များ၏ အားပေးမှုနှင့်အတူ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါ ခြေစစ်ပွဲစဉ်တွင် အနိုင်ရရှိပါက ACGL အုပ်စုအဆင့် (Group Stage) သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲပုံစံ သတ်မှတ်ချက်အရ ပြီးခဲ့သည့်နှစ် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ACGL Group Stage (အုပ်စုအဆင့်)သို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ (NGB)